
## သိပါ။

တခြားသူတစ်ဦး၏ တောင်းဆိုချက်ဖြင့်
သူတစ်ပါး၏အကြွေးဝယ်ကဒ်နံပါတ်၊ အမည်များသုံးကာ
မိုလ်ဘိုင်းငွေပေးချေမှုများ၊ အွန်လိုင်းဈေးဆိုင်များမှ
ပစ္စည်းဝယ်ယူပေးခြင်းများလည်း မပြုလုပ်ပါနှင့်။



## လိုက်နာပါ။

SNSစာမျက်နှာများပေါ်၌ ရာဇဝတ်မှုမြောက်သည့်
အချိန်ပိုင်းအလုပ်များစွာအား မိတ်ဆက်ပေးလျှက်ရှိပါသည်။
ဈေးဝယ်ပေးရုံဖြင့် ပိုက်ဆံရနိုင်သည့် အချိန်ပိုင်းအလုပ်များထဲ၌
ရာဇဝတ်မှုမြောက်သည့်အလုပ်အမျိုးအစားများ ရှိနေနိုင်ပါသည်။
ပြစ်မှုမြောက်သည့် အချိန်ပိုင်းအလုပ်များတွင်
လက်တွေ့ဈေးဝယ်ပေးသူက ဖမ်းဆီးခြင်းခံရမည်ဖြစ်ပါသည်။
သူတစ်ပါး၏အကြွေးဝယ်ကဒ်နံပါတ်၊ အမည်များသုံး၍
ပစ္စည်းဝယ်ယူခြင်းများလည်း မပြုလုပ်ပါနှင့်။
အသိမိတ်ဆွေမှ အကူအညီတောင်းသည်ဖြစ်စေကာမူ
သူတစ်ပါး၏အကြွေးဝယ်ကဒ်နံပါတ်၊ အမည်များအသုံးပြု၍
ပစ္စည်းဝယ်ယူခြင်းအား လုံးဝမပြုလုပ်ပါနှင့်။

## သိပါ။

နေထိုင်ခွင့်ကဒ်ပြားအတုအား
ကိုင်ဆောင်ခြင်း မပြုရ။
ဝယ်ယူခြင်း မပြုရ။
အတုပြုလုပ်ခြင်း မပြုရ။
သုံးစွဲခြင်း မပြုရ။



## လိုက်နာပါ။

နေထိုင်ခွင့်ကဒ်ပြားသည် အရေးကြီးသည့်အရာဖြစ်ပါသည်။
ကဒ်အတုအား ကိုင်ဆောင်ခြင်း၊ ဝယ်ယူခြင်း၊ ပြုလုပ်ခြင်း၊
သုံးစွဲခြင်းများ လုံးဝပြုလုပ်ခွင့်မရှိပါ။ ရဲ၏ ဖမ်းဆီးခြင်းခံရပါမည်။
SNSစာမျက်နှာများပေါ်တွင် နေထိုင်ခွင့်ကဒ်အတု ရောင်းသည်၊
ပြုလုပ်ပေးသည် အစရှိသည့်ကြော်ငြာများတွေ့ပါကလည်း
ဝယ်ယူသုံးစွဲခြင်းမပြုပါနှင့်။။ မိမိကဒ်ပြား၌ရေးသွင်းထားသည့်
အချက်အလက်များကိုလည်း မိမိသဘောဖြင့် ပြင်ဆင်ခြင်း
မပြုပါနှင့်။

## သိပါ။

ဆိုင်မှ ကုန်ပစ္စည်းများအား ငွေပေးချေခြင်းမရှိပဲ
ဆိုင်ပြင်ပသို့ယူသွား၍မရပါ။
ထားထားသည့်ပစ္စည်း၊ ပြုတ်ကျကျန်ခဲ့သည့်ပစ္စည်း၊
သူတစ်ပါးပိုင်ပစ္စည်းများအား မိမိအပိုင်ဟုမမှတ်ယူရပါ။



## လိုက်နာပါ။

ကုန်ပစ္စည်းများအား မခိုးယူပါနှင့်။
သူတစ်ပါးပစ္စည်းအား မခိုးယူပါနှင့်။
မိမိကိုယ်တိုင် ခိုးယူခြင်းမဟုတ်သော်လည်း
အခြားသူခိုးယူနေသည့်အခိုက် ဆိုင်ဝန်ထမ်းများမမြင်အောင်
ကာပေးခြင်း၊ ခိုးရာပါပစ္စည်းအား သယ်ဆောင်ပေးခြင်း၊
ခိုးယူထွက်ပြေးခြင်းအား ကူညီပေးခြင်း စသည်ဖြင့်
ခိုးမှုကျူးလွန်သူအား ကူညီပေးခြင်းသည်လည်း
ပြစ်မှုကျူးလွန်ရာမြောက်ပါသည်။
ပိုင်ရှင်မရှိပဲရပ်ထားသည့် အခြားသူပိုင်စက်ဘီးကို
သုံးစွဲခြင်းမပြုပါနှင့်။
လမ်းပေါ်တွင်ကျနေသည့် ပစ္စည်းများအား ကောက်ယူတွေ့ရှိပါက
မိမိပိုင်ပစ္စည်းဟုမမှတ်ယူပါနှင့်။ ရဲစခန်းသို့ သွားရောက်အပ်နှံပါ။

## သိပါ။

လုပ်ကိုင်ခွင့်မရှိသည့်
အချိန်ပိုင်းအလုပ်အမျိုးအစားများရှိပါသည်။

လွယ်ကူ၍ လုပ်ခမြင့်မားသောအချိန်ပိုင်းအလုပ်မျိုးသည် မိမိသတိမပြုမိစဉ်အချိန်အတွင်း ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်မိနေနိုင်သည့်အခြေအနေများလည်း ရှိနိုင်ပါသည်။



## လိုက်နာပါ။

ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့အစည်းများသည် လွယ်ကူသောအလုပ်များအား မြင့်မားသည့်လုပ်အားခဖြင့် ခေါ်ယူစေခိုင်းလျှက်ရှိပါသည်။

လုပ်ကိုင်ခွင့်မရှိသည့် အလုပ်အမျိုးအစားများ

သက်ကြီးရွယ်ကြီး အဖိုး၊အဖွားများထံမှ ပစ္စည်းများလက်ခံယူပေးခြင်း။

ငွေအကြွေစေ့သုံးလော့ခ်ကာများထဲမှ ပစ္စည်းများသွားရောက်ယူပေးခြင်း။


သူတစ်ပါး၏ ငွေထုတ်ကဒ်ဖြင့် ငွေသွားရောက်ထုတ်ပေးခြင်း။

သူတစ်ပါး၏နေအိမ်တွင် အခြားသောသူတစ်ဦး၏ပစ္စည်းအား ကိုယ်စားလက်ခံယူပေးခြင်းသည်လည်း ပြစ်မှုမြောက်ပါသည်။

မည်သည့်အကြောင်းဖြင့်မျှ လုပ်ခွင့်မရှိပါ။ တစ်စုံတစ်ဦးမှ သွေးဆောင်ပြောဆိုလာပါကလည်း မလုပ်ပါနှင့်။

## သိပါ။

ဘဏ်ငွေထုတ်ကဒ်၊ မိုလ်ဘိုင်းဖုန်း၊ ကျန်းမာရေးအာမခံကဒ်၊ ကျောင်းသားကဒ် အစရှိသည်တို့သည် မိမိကိုယ်ပိုင်ဖြစ်စေကာမူ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ငှားပေးခြင်း မပြုရ။ သူတစ်ပါးပိုင်ဖြစ်ပါကလည်း ဝယ်ယူခြင်း၊ လက်ခံရယူခြင်း၊ ငှားယူခြင်း မပြုရသည့်အရာများဖြစ်ပါသည်။



## လိုက်နာပါ။

ဘဏ်ငွေထုတ်ကဒ်၊ ဘဏ်စာအုပ်၊ (ဆင်းမ်ကဒ်တပ်ဆင်ထားသော) မိုလ်ဘိုင်းဖုန်းများကို အခြားသူထံသို့ ရောင်းချခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရပါ။


ရောင်းချသူ၊ ဝယ်ယူသူ ၂ဦးစလုံး ရဲတပ်ဖွဲ့၏ ဖမ်းဆီးအရေးယူခြင်းခံရပါမည်။

မိမိနိုင်ငံသို့ပြန်ချိန်၊ ဆက်လက်မသုံးစွဲတော့ပါက ဘဏ် သို့မဟုတ် ဖုန်းဆိုင်များသို့သွားရောက်ကာ (ခိုင်းယခုရှိတိုင်း)ဟု ပြောပါ။

ကျန်းမာရေးအာမခံကဒ်၊ ကျောင်းသားကဒ်များကိုလည်း ငှားပေးခြင်း၊ ငှားယူခြင်းပြုလုပ်ခွင့်မရှိပါ။ သူတစ်ပါးပိုင်ကဒ်များကိုလည်း အသုံးမပြုရပါ။ မိတ်ဆွေသူငယ်ချင်းမှ အကူအညီတောင်းလာပါကလည်း မပြုလုပ်ပါနှင့်။

# သိပါ၊ လိုက်နာပါ၊

## ဂျပန်နိုင်ငံ၏ဥပဒေများ



ひょうごけんけいさつ

HYOGO PREFECTURAL POLICE

မြန်မာဘာသာ